**(၄) ဘက်တီးရီးယားထောင့်ကွက်ရောဂါ (Angular leaf spot)**

**ရောဂါဖြစ်စေသောသက်ရှိ -** *Pseudomonas syringae* pv. *lachrymans* (Smith & Bryan) Young Dye &

Wilkie 1978

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင် သေးငယ်သော ရေစိုနာကွက်ကလေးများစတင်ဖြစ်ပေါ်သည်။ ရောဂါ ကွက်သည်ကြီးလာပြီး ထောင့်ပါသော မီးခိုးရောင် (သို့) သံချေးရောင် အကွက် များဖြစ်လာသည်။ ရောဂါပြင်းထန်လာပါက အရွက်တွန့်ရှုံ့ပြီး ခြောက်သေသွားသည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရ အပင်အကြွင်းအကျန်များအား မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ပါ။
- ရောဂါဒဏ်ခံနိုင်ရှိသောမျိုးကို ရွေးချယ်စိုက်ပါ။
- ရောဂါစတင်တွေ့လျှင်တွေ့ခြင်း အောက်ပါဆေးများအားအသုံးပြု ပက်ဖျန်းပါ။

  Kasugamycin (ကာစူဂါမိုင်စင်)၊ Bismerthiazol (ဗစ်မာသီယာဇိုးလ်) Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Copper hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)